သြဗဒိဗျာဒိတ်ရူပါရုံ

1 အရှင် ထာဝရဘုရား သည် ဧဒုံ
ပြည် ကို ရည်မှတ် ၍ မိန့် တော် မူ သည်ကား၊ ထာဝရဘုရား
ကြေးကြော် တော်မူ သံကို ငါတို့သည် ကြား ကြ၏။ သင်တို့ထ ၍
ဧဒုံ ပြည်ကို
တိုက် ခြင်းငှါ စစ်ချီ ကြလော့ဟု၊ တပါးအမျိုးသား တို့ ထံ သို့ သံတမန် ကို စေလွှတ် တော်မူပြီ။
2 သင့် ကို တပါးအမျိုးသား တို့တွင်
ယုတ်မာ စေခြင်းငှါ ငါစီရင် သဖြင့်၊ သင် ၏အသရေ သည် အလွန် ရှုတ်ချ ခြင်း ရှိလိမ့်မည်။
3 ကျောက် ကြား တို့၌ နေ ၍ မြင့် သောအရပ်ကို ခိုလှုံ လျက်၊ ငါ့ ကို မြေ သို့ အဘယ်သူ နှိမ့်ချ နိုင်သနည်း ဟု အောက်မေ့ သော သူဖြစ် သောကြောင့်၊ သင် ၏မာန သည် သင့် ကို လှည့်စား ပြီ။
4 သင်သည် ရွှေလင်းတ ကဲ့သို့ ကိုယ်ကို ချီးမြှောက် ၍ ၊ ကြယ် တို့တွင်
အသိုက် ကို လုပ် သော်လည်း ၊ ထို
အရပ်မှ
သင့် ကို ငါနှိမ့်ချ မည်ဟု ထာဝရဘုရား

မိန့် တော်မူ၏။။
5 ညဉ့် အခါ သူခိုး
ထားပြ တို့သည် သင် ရှိရာသို့
လာ
လျှင် ၊ စိတ်ပြေလောက်အောင်သာ ခိုး
ယူကြလိမ့်မည်မ ဟုတ်လော။ စပျစ်သီး ကို ဆွတ်သော
သူတို့သည် လာ
လျှင် ၊ သူတပါး လိုက်၍ ဆွတ် စရာဘို့ ကြွင်း စေကြ
လိမ့်မည်မ ဟုတ်လော။
6 သင်သည် အလွန်ပျက်စီး ပြီတကား။ ဧသော
သည် အလွန် အစစ်ခံရပြီတကား။ သူ
ဝှက် ထားသော ဥစ္စာ ကို အလွန်ရှာဖွေ ကြသည်
တကား။။
7 သင် နှင့်မိသဟာယ ဖွဲ့သော သူ
အပေါင်း တို့ သည် ပြည် စွန်းသို့
နှင် ကြပြီ။ အဆွေ လုပ်သောသူ တို့ သည် သင့် ကို
လှည့်စား ၍ နိုင် ကြပြီ။ သင် နှင့်အတူစားသောက် သော
သူတို့သည် သင့် အောက် ၌ ကျော့ကွင်း ကို ထောင်
ထားကြပြီ။ သင် ၏
ဉာဏ် ပညာ ကုန် ပြီ။
8 ထာဝရဘုရား
မိန့် တော်မူသည်ကား၊ ထို
ကာလ
၌
ဧဒုံ ပြည်မှ

ပညာရှိ တို့ကိုငင်း ၊ ဧသော
၏တောင် မှ
ဥဏ္ဍာ
ကောင်းသော သူတို့ ကိုငင်းငါပယ်ရှား မည်။
9 အိုတေမန် မြို့၊ ဧသော
၏တောင် မှ
ခပ်သိမ်း သောသူတို့ ကို ပယ်ဖြတ် မည်အကြောင်း ၊
သင် ၏ သူရဲ
တို့သည် ကြောက် ကြလိမ့်မည်။
10 သင် သည် ညီ
ယာကုပ် ကို အသေသတ်ခြင်း၊ အနိုင် အထက် ပြုခြင်း
အပြစ်ကြောင့်
ကိုယ်တိုင် အရှက်ကွဲ ၍ ၊ အကုန်အစင်
ပယ်ဖြတ် ခြင်းကိုခံရလိမ့်မည်။
11 သင် သည် တဘက် ၌ နေ သောနေ့ ၊ တကျွန်း တ
နိုင်ငံသား တို့သည် သူ
၏အမှုထမ်း များကို သိမ်း သွားသောနေ့
၊ တပါး
အမျိုးသားတို့သည် သူ
၏မြို့တံခါး ထဲသို့ ဝင် ၍
ယေရုရှလင် မြို့ကို
စာရေးတံ ချ သောနေ့၌ သင် သည် လက်ခံသောသူ
ဖြစ်၏။

12 သင် ၏ညီ သည် တပါး အမျိုးသားဖြစ်သောနေ့ ၌
သူ၏အမှုကို သင်မ ကြည့် သင့်။ ယုဒ
အမျိုးသား တို့သည် ပျက်စီး သောနေ့ ၌
မ ဝါကြွား သင့်။ ဒုက္ခ
ခံရသောနေ့ ၌
စော်ကား သောစကား ကို မ ပြောသင့်။
13 ငါ ၏လူ တို့သည် ဘေး
ဥပဒ်ကို ခံရသောနေ့
၌
သူတို့ နေရာတံခါး
အတွင်းသို့
မ ဝင် သင့်။ ဘေး
ဥပဒ်ကို ခံရသော နေ့
၌
သူ တို့၏ဆင်းရဲ ဒုက္ခကို
မ ကြည့် မရှုသင့်။ ဘေး
ဥပဒ် ကို ခံရသောနေ့
၌
သူ တို့ဥစ္စာ ကို
မ လု မယူသင့်။
14 လွတ် သောသူတို့ကို ဆီးတား
ခြင်းငှါ ဖြတ်လမ်း ၌
မ ရပ် မနေ သင့်။ အမှု ရောက်သောနေ့ ၌

ကျန် ကြွင်းသောသူတို့ ကို မ
အပ် သင့်။
15 အကြောင်း မူကား၊ ထာဝရဘုရား
၏နေ့ ရက်သည် ခပ်သိမ်း
သောလူမျိုး တို့နှင့် နီး
ပြီ။ သင်ပြု သည်အတိုင်း
သင် ၌
သူတပါး ပြု လိမ့်မည်။ သင် ပြုသောအမှု သည် သင့်
ခေါင်း
ပေါ် သို့ ရောက် ရလိမ့်မည်။
16 ယုဒအမျိုးသားတို့သည် သန့်ရှင်း သော ငါ့ တောင်
ပေါ် မှာ စားသောက် သကဲ့သို့ ၊ ပတ်လည်၌နေသော
လူမျိုး
အပေါင်း တို့သည် စားသောက် ရကြလိမ့်မည်။ စား
သောက် ၍
မျိုး သဖြင့်
မ ရှိ ဘူးသောသူကဲ့သို့ ဖြစ် ရကြလိမ့်မည်။
17 ဇီအုန် တောင် ပေါ် မှာ ဘေးလွတ် သောသူအချို့
ရှိ ကြလိမ့်မည်။ သန့်ရှင်း သောအရပ်ဖြစ် လိမ့်မည်။ ယာ
ကုပ်
အမျိုး သည် မိမိ
ပိုင် ထိုက်သောမြေကို ပိုင် ရလိမ့်မည်။
18 ယာကုပ် အမျိုး သည် မီး

၊ ယောသပ် အမျိုး သည် မီးလျှံ ၊ ဧသော
အမျိုး သည် အမှိုက် ဖြစ် လျက်
မီးညှိ ၍
လောင် သဖြင့် ၊ ဧသော
အမျိုးသား မ ကျန် ကြွင်းရ။ ထာဝရဘုရား
မိန့် တော်မူပြီ။
19 တောင် မျက်နှာသားတို့သည် ဧသော
၏တောင်
ကိုဝင်း ၊ မြေညီ သောအရပ်သားတို့သည် ဖိလိတ္တတိ
ပြည်ကိုဝင်း ၊ ဧဖရိမ် လယ်ပြင် နှင့်
ရှမာရိ လယ်ပြင် ကိုဝင်း ၊ ဗင်္ယာမိန် အမျိုးသည် ဂိ
လဒ် ပြည်ကိုဝင်း သိမ်းယူ ကြ လိမ့်မည်။
20 သိမ်း သွားခြင်းကို ခံရ၍၊ ခါနန် လူတို့တွင်ရှိသော
ဣသရေလ
အမျိုး
အလုံးအရင်း သည် ဇရတ္ထတ
မြို့တိုင်အောင် ၎င်း
၊ သိမ်း သွားခြင်းကို ခံရ၍ သေဖရဒ် ပြည်၌ ရှိသော
ယေရုရှလင်
မြို့သားတို့သည် တောင် မျက်နှာမြို့ ရွာတို့ကို ၎င်း
သိမ်းယူ ကြလိမ့်မည်။
21 ဧသော ၏တောင် ကို တရား
စီရင်ခြင်းငှါ ကယ်တင်

 သြဗဒီဗျာဒိတ်ရှုပါရုံ 21

သောသူတို့သည် ဇီအုန် တောင် ပေါ် သို့ တက် ကြ လိမ့်မည်။ တိုင်း နိုင်ငံသည်လည်း

ထာဝရဘုရား ၏ နိုင်ငံတော် ဖြစ် လိမ့်သတည်း။

မြန်မာကျမ်းစာ

The Holy Bible in the Burmese language of Myanmar, Judson version of 1840

Public Domain

Language: ဗမာ (Burmese)

Translation by: Adoniram Judson

2024-07-28

PDF generated using Haiola and XeLaTeX on 1 Oct 2024 from source files dated 14 Aug 2024
5602fb7e-6c4f-5434-acb0-8e67903ea45f